# ၁၉၅၈ ခုနှစ်၊ လူထုပညာသင်ကြားရေးကောင်စီ (ရုပ်သိမ်းခြင်း) အက်ဥပဒေ။[၁]

[၁၉၅၈ ခုနှစ်၊ အက်ဥပဒေအမှတ် ၆။]
(၁၉၅၈ ခုနှစ်၊ မတ်လ ၈ ရက်။)

အောက်ပါအတိုင်း အက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

၁။ ။ (၁) ဤအက်ဥပဒေကို၊ ၁၉၅၈ ခုနှစ်၊ လူထုပညာသင်ကြားရေးကောင်စီ (ရုပ်သိမ်းခြင်း) အက်ဥပဒေဟု ခေါ်ရမည်။

(၂) ဤအက်ဥပဒေသည်၊ အာဏာတည်ရန်ကိစ္စ အလို့ငှာ နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်သည့်နေ့[၂] တွင် စတင်အာဏာတည်စေရမည်။

၂။ ။ ၁၉၄၈ ခုနှစ်၊ လူထုပညာသင်ကြားရေးကောင်စီ အက်ဥပဒေကို ဤအက်ဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ၊ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

ဦးဝင်းမောင်၊
နိုင်ငံတော်သမ္မတ၊
ပြည်ထောင်စုမြန်မာနိုင်ငံတော်။

ရန်ကုန်မြို့၊ ၁၃၁၉ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၄ ရက်။
(၁၉၅၈ ခုနှစ်၊ မတ်လ ၈ ရက်။)

အမိန့်အရ၊
ပါစိန်၊
နိုင်ငံတော်သမ္မတ၏အတွင်းဝန်။

---

၁။ မြန်မာနိုင်ငံပြန်တမ်း၊ အပိုင်း-၁၊ ၁၉၅၈ ခုနှစ်၊ မတ်လ (၂၂) ရက်၊ စာမျက်နှာ - ၆၅၉။

၂။ ဤအက်ဥပဒေသည် ၁၉၅၈ ခုနှစ်၊ အောက်တိုဘာလ (၁)ရက်နေ့တွင် စတင်အာဏာတည်သည်။ လူမှုဝန်ထမ်းနှင့် သာသနာရေးဝန်ကြီးဌာန၏ ၂၅-၈-၅၈ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၅၄။ မြန်မာနိုင်ငံပြန်တမ်း။ အပိုင်း-၁၊ ၁၉၅၈ ခုနှစ်၊ ဩဂုတ်လ (၃၀) ရက်၊ စာမျက်နှာ - ၂၂၂၆။